# သမတအိမ်တော်၊ ရန်ကုန်မြို့

## ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ် နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

## (၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေ အမှတ် ၄။)

## ၁၃၁၆ ခုနှစ်၊ တန်းဆောင်မုန်းလဆန်း ၁၃ ရက်။

## (၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**၁၉၅၄ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။ (၁) ကရင်ပြည်နယ်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏ အခွန်တော်ငွေများမှ စုစု ပေါင်းကျပ်ငွေ ၅,၄၂,၀၆၀ (ဤအက်ဥပဒေတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၄ ခု၊ စက်တင်ဘာလ ၃၀ ရက် နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ ကရင်ပြည် နယ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေ အမှတ် ၄) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**ဇယား**

| အစိုးရဌာန။ | | | | ခွဲဝေသုံးစွဲသည့်ငွေ ကျပ်။ |
|---|---|---|---|---|
| မြေခွန်တော် | .... | .... | .... | ၂၀ |
| ပြည်နယ်ကောင်စီ | .... | .... | .... | ၁၀ |
| အကျဉ်းထောင်များ | .... | .... | .... | ၄၀ |
| ရေကြောင်းဆိုင်ရာ | .... | .... | .... | ၁,၃၈၀ |
| သာသနာရေးကိစ္စများ | .... | .... | .... | ၂,၆၀၀ |
| ပြည်သူ့ကျန်းမာရေး | .... | .... | .... | ၅,၅၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | .... | .... | .... | ၁၀ |
| အထွေထွေ | .... | .... | .... | ၁၈,၅၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း | | | .... | ၅,၁၄,၀၀၀ |
| | | ပေါင်း | .... | ၅,၄၂,၀၆၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**ဦးဘဦး၊**
**နိုင်ငံတော်သမတ၊**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်။**

**ရန်ကုန်မြို့၊ ၁၃၁၆ ခုနှစ်၊ တန်းဆောင်မုန်းလဆန်း ၁၃ ရက်။**
**(၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်။)**

**အမိန့်အရ၊**
**ပါစိန်၊**
**နိုင်ငံတော်သမတကြီး၏အတွင်းဝန်။**
**[အမှတ် ၁၁၇]**